အဒါး(ရွာမ)ကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အဒါးရွာမကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဩဂုတ်လ

မာတိကာ ၂
စကားချီး ၆-၇
အဒါး(ရွာမ)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသ်ာတမြို့နယ် ၈
အဒါး(ရွာမ) ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟသ်ာတမြို့နယ် ၉
အဒါး(ရွာမ)ကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟသ်ာတမြို့နယ် ၁၀
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၁၁**
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် ၁၁-၁၂
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၂
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၁၃
( ခ) သဘာဝအရင်းအမြစ်များ ၁၃
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၄
( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၄
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ ၁၄
(ဃ) ကျန်းမာရေးနှင့် အာဟာရ ၁၅
( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၅
( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၅
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၆
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၆
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၆
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၆-၁၇
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၇
(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇-၁၈
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၈
(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု- လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၈
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉

| | | |
|---|---|---|
| (၅) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၉ |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ | ၁၉-၂၀ |
| | (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ | ၂၀-၂၂ |
| (၆) | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၂၂-၂၃ |
| (၇) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၂၃-၂၅ |
| (၈) | ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | ၂၅ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၂၅ |
| | (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း | ၂၆ |
| | (ဂ) ဦးစားပေးစီမံချက်များ | ၂၆-၂၉ |
| | (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ | ၃၀ |
| (၉) | ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၃၀-၃၁ |
| (၁၀) | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ | ၃၂ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ | ၃၂ |
| | (ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ | ၃၂ |
| | (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၃၂-၃၃ |
| | (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၃၃ |
| (၁၁) | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၃၃ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၃၄-၃၅ |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း | ၃၆ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၃၆ |
| နောက်ဆက်တွဲ(၁) | ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား | ၃၆-၃၇ |
| နောက်ဆက်တွဲ(၂) | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း | ၃၈ |
| နောက်ဆက်တွဲ(၃) | စီမံကိန်းဇယားများ | ၃၉ |
| ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၄၀ |
| ဇယား ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၄၀- ၄၅ |
| ဇယား ၃ | လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား | ၄၆ |

| | | |
|---|---|---|
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၇ |
| ဇယား ၅ | ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၄၈ |
| ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၄၉ |
| ဇယား ၇ | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၅၀ |
| ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၅၁ |
| ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ | ၅၂-၅၃ |
| ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၅၄-၅၅ |
| ဇယား ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၅၅-၅၆ |
| ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၅၇ |
| ဇယား ၁၃ | ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၅၈ |
| ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၉ |
| ဇယား ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၆၀ |
| ဇယား ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၆၁ |
| ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၆၂ |
| ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ | ၆၃ |
| ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၆၄-**၆၅** |
| ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | **၆၅-၆၆** |
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၆၇-**၆၈** |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၆၉ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ | ၇၀ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၇၁ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၇၂ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၇၂-၇၃ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၃ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၄-၇၅ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၇၆ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၇၇ |

ဇယား ၃၁ ကျောင်းတတ်နှုန်း ၇၈
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ ၇၉
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၈၀
ဇယား ၃၄ အဖြစ်များသောရောဂါများ ၈၁
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု ၈၂
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ ၈၃
ဇယား ၃၇ သောက်သုံးရေရရှိမှု ၈၄
ဇယား ၃၈ အိမ်သာအမျိုးအစား ၈၅
ဇယား ၃၉ ကျား/မ ရေးရာ ၈၆–၈၇
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၈၇–၈၈
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု ၈၈–၈၉
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၈၉–၉၀
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ ၉၀
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ ၉၀
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ ၉၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၉၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု ၉၂
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ ၉၃
ကိုးကားစာရင်း ၉၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အဒါး(ရွာမ)ကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် **သမဝါယမ**နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

စက်တင်ဘာလ ၂၀၂၂ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အဒါး(ရွာမ) ကျေးရွာ

ဟသ်ာတမြို့နယ်



အိုင်ဇောက်ကျေးရွာအုပ်စု၊ မိချောင်းဥကျေးရွာလမ်း သယံဇာတမြေပုံ
N
W
E
S
မြောက်ဘက်တန်းလမ်း
တောင်ဘက်တန်းလမ်း
တောင်ဘက်ကုန်းလမ်း
ရည်ညွှန်းချက်
— အိမ်
— လယ်ကွက်
— တာဝါတိုင်
— စေတီ
— စာသင်ကျောင်း
— ဘုန်းကြီးကျောင်း

## အဒါး(ရွာမ) ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဓါတ်မြေသြဇာ | ဓါတ်မြေသြဇာ | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | ပိုးသတ်ဆေးဖျန်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | အလွန်များ | များ | များ | များ | များ | များ | အလွန်များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | များ | များ | များ | များ | နည်း | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | များ | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | ခရစ္စမတ်ပွဲ | ကရင်နှစ်သစ်ကူး | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မိုးရေကြီး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## ဟင်္သာတမြို့နယ်၊ ကြခတ်ကွင်းကျေးရွာအုပ်စု၊ အဒါး(ရွာမ)ကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေး စားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့ တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက် ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ °C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ °C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

အဒါး(ရွာမ)ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကြခတ်ကွင်းကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ဟသ်ာတမြို့နယ်နှင့်(၁၀)မိုင်ကွာဝေးပါသည်။ပတ်ဝန်းကျင်ကျေးရွာများမှာ ရင်းတိုက်ကုန်းကျေးရွာ၊နှစ်လုံးကြိုင်ကျေးရွာ၊ကွင်းကြီးကျေးရွာ၊သဲဖြူကျေးရွာနှင့်၊ထန်းနှစ်ပင်ကျေးရွာနှင့်တာဝွေ့ကျေးရွာ တို့ဖြစ်ပါသည်။ အဒးါ(ရွာမ)ကျေးရွာသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သောဒေသတစ်ခုဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

အဒါး(ရွာမ)ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့်ငွေးတောက်ရွက်၊ဘုတ်မသိမ်းပင်၊ လောက်သေပ်ပင်၊ ပွေးကိုက်းပင်၊ ဆင်တုံးမနွယ်ပင်နှင့် ကုလား ပင်စိမ်းပင်စသည်တို့ ပေါက်ရောက်သည့်ဒေသတစ်ခုလည်းဖြစ်ပါသည်။ လယ်မြေနှင့်ခြံမြေများ အသင့်အတင့် ရှိကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာမိုးရေကို အဓိကအားထား၍ စပါး စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲကိုစိုက်ပျိုးပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အဒါး(ရွာမ)ကျေးရွာတွင် အိမ်ထောင်စု(၁၄၀)စုရှိပြီး လူဦးရေစုစုပေါင်း(၅၂၄)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၃၆)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက်(၁၅ နှစ်မှ ၆၄ နှစ်)အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၃၀.၆၁%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း(၈.၀၁%)ခန့်သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၆၁%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင် ပြေသော အိမ်ထောင်စုမှာ (၁၅)စုရှိပြီး လယ်(၆)ကေအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်းသွပ်မိုး၊ ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများနှင့် နွားစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ (၆၀)စုရှိပြီး လယ်(၅-၁၂.၅)ကေကြား ပိုင်ဆိုင်ကြကာ ပျဉ်ခင်း၊ ထရံကာ၊သွပ်မိုးသည့်အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများ အနည်းငယ်နှင့် ကြက်၊ဘဲ၊ဝက်များကိုတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ် ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု(၃၀)စုရှိပြီး လယ်(၅-၂.၅)ကေအောက်ပိုင်ဆိုင်ကြပါသည်။ လယ်ယာသုံး ကိရိယာများ ပိုင်ဆိုင်မှုမရှိပါ။ အိမ်အခြေအနေမှာ ဝါး၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။ အလွန် ဆင်းရဲသော အိမ်ထောင်စုများမှာ (၁၅)အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၃၄%)ခန့်မှာ ကျပန်းလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

အဒါး(ရွာမ)ကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၃၀)စုရှိသည့်အနက် (၂၅)ရာခိုင်နှုန်းမှာ (၃)လအောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၂၅)ရာခိုင်နှုန်းမှာ(၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပါသည်။ ၄င်းတို့သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသောတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေလာလျှင် ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၆၀%)ခန့်မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၃)မိုင်ကွာဝေးသော ဝေးသောဒူးယားတိုက်နယ်ဆေးရုံသို့သွားရောက် ပြသကြပါသည်။ အဒါး‌ရွာမကျေးရွာတွင် အဝီစိတွင်း(စက်တပ်) (၈၀)တွင်း၊ လက်နှိပ်တုံကင် (၄၀)တွင်းရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

အဒါး(ရွာမ)ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူ(၈၀)ဦးခန့် တက်ရောက်ကြပါသည်။ အလယ်တန်းနှင့်အထက်တန်းကို ကျေးရွာနှင့်(၃)မိုင်ကွာဝေးသောဒူးယားအခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ယူကြပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ အားလုံးသည် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိလယ်မြေများတွင် မိုးရာသီစပါးနှင့်ဆောင်းရာသီတွင် မတ်ပဲ/ပဲတီစိမ်းတို့ကို နှစ်သီးစားစိုက်ပျိုးကြပါသည်။ နွား၊ဝက်၊ကြက်၊ဘဲမွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ကိုယ်ပိုင်လယ်ယာမြေမရှိသော အိမ်ထောင်စုများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ကျပန်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်အရောင်းအဝယ်၊ ပန်းရံ၊ လက်သမား၊ ခေါင်းရွက်ဗျက်ထိုး အစရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းများရှိသည့် အိမ်ထောင်စုများလည်း အနည်းငယ်ရှိပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

အဒါး(ရွာမ)ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် အနည်းငယ်များပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင်(၆၀၀၀)ကျပ်မှ (၄၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်မှ (၂၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီးလူဦးရေမှာ မျှတပြီး အမျိုးသမီးဦးရေမှာ အနည်းငယ်များပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့နှင့်အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏သာရေး နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများသည် စပါးနှင့်မတ်ပဲတို့ကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ကေ(၃၂၀)ကေ စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် အစေ့ချစနစ်တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှပံ့ပိုးသောချေးငွေမှာ မြေပြင်ပြင်ဆင်စရိတ်စိုက်ပျိုးစရိတ်ကို အထောက်အကူပြုပါသည်။ အဒါး(ရွာမ)ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ဘဲများကို မွေးမြူကြပါသည်။ ကျေးရွာ၏ မွေးမြူရေးတိုးတက်ရန်နည်းပညာနှင့်ရောဂါကာကွယ်ထိန်းချုပ်ရန် လိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အဒါး(ရွာမ)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများမှာ ဈေးဆိုင်အရောင်းအဝယ်လုပ်သား၊ ချေးငွေဝန်ဆောင်မှုဝန်ထမ်းများအပြင်နှင့် ခေါင်းရွက်ဗျက်ထိုးအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားအနည်းငယ်နှင့် အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်း နေသော ဝန်ထမ်းများလည်းရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့် စိုက်ခင်းနှင့်မတ်ပဲ၊ပဲတီစိမ်း၊စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်

တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

အဒါးရွာမကျေးရွာသည် မုန်တိုင်းဘေးအန္တရာယ်မှာ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတက်သည်။ ဘေးကင်း လုံခြုံရေးအတွက် မည်သည့်အဖွဲ့၊ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့်ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်စုရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ(၁၈၀၀၀၀)ကျပ် ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၀.၈၅)ကျပ်နှုန်း ဖြစ်ပြီး လတိုဖြစ်ပါသည်။ သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှာသည့်အပြင် စိုက်ပျိုးစရိတ်အချိန်မီမရရှိသဖြင့် များစွာအခက်အခဲဖြစ်ရပါသည်။ ထုတ်ချေးသည့်ကာလမှာ (၆)လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး၂နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့်အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ နှစ်မျိုးရှိပါသည်။ အတိုးနှုန်းလဲမထူးပေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် တွင် (၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။

ဖူလတန်၊ဂျပန်၊ဟေမန်အဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင် ရွက်နေသည်မှာ(၃)နှစ်ခန့်ရှိပြီးဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းချေးငွေဟူ၍ နှစ်မျိုးရှိပါသည်။ စိုက်ပျိုးရေး ချေးငွေမှာ ပထမနှစ်တွင်(၂၀၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ(၈၀၀၀၀)ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ(၇)လိုအပ်ပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ဖြစ်နေ ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်မှုပုံစံမှာ(နှစ်ပတ်လျှင်တစ်ကြိမ်)ပေးဆပ်ရခြင်း၊ ပုံငန်းလုပ်ငန်းမဟုတ်ခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အသက်မွေးဝမ်းကြောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အဒါး(ရွာမ)ကျေးရွာအတွင်း၌ အခြေခံပညာမူလတန်းကျောင်းရှိပြီး (အကျယ်၈၀'× **အနံ** ၄၀')ရှိသော နှစ်ထပ်အုတ်ကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးကောင်းမွန်ပါသည်။အခြေခံညာမူလတန်းကျောင်းတွင် ကျောင်းဆောင်(၁)ဆောင်ရှိပြီး ကျောင်းဆောင်လုံလောက်မှုရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ လက်

ထောက်ဆရာမ(၉)ဦး၊ စုစုပေါင်း(၁၀)ဦးရှိပါသည်။ဆရာ၊တပည့်အချိုးအားဖြင့်(၁:၃၀)ဖြစ်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများအတွက် အဆင်ပြေလုံလောက်မှုရှိပါသည်။

ကျောင်းသား/ကျောင်းသူများသည် အထက်တန်းကိုကျေးရွာနှင့်(၃)မိုင်ကွာဝေးသော အထကဒူးယား ကျောင်းတွင် သွားရောက်ပညာသင်ကြားနေရ ပါသည်။ အောင်ချက်ကောင်းမွန်လာစေရန်ကျောင်းသား/ ကျောင်းသူများအား တိုက်တွန်းအပါးပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာနှင့်(၃)မိုင်ခန့်ကွာဝေးသောဒူးယားတိုက်နယ်ဆေးရုံ သို့သွားရောက်ပြသရပါသည်။ မြို့နယ်ဆေးရုံမှာ ကျေးရွာနှင့်(၁၀)မိုင်ခန့် ကွာဝေးသောဟသ်ာတပြည်သူ့ဆေးရုံးတွင် ဆေးကုသမှုခံယူကြရပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကိုကျေးရွာတွင်ရှိ ကုန်းစုံဆိုင် များတွင် ရရှိနိုင်ပါသည်။ အကြီးစားကျန်းမာရေးအတွက် ဟသ်ာတမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။ ကျေးရွာအတွင်း အဝီစိ(စက်တပ်)ရေတွင်း(၁၁၄)တွင်း၊ လက်နှိပ်တုံကင် (၃၀)တွင်းရှိသဖြင့် သောက်ရေအတွက် လုံလောက်မှုရှိသော်လည်းရေဝါပါသည်။အိမ်ထောင်စုများအားလုံး ယင်လုံအိမ်သာသုံးစွဲကြပါသည်။ ယင်လုံအိမ်သာ ဆောက်ကြရန်နှင့် ကျန်းမားရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်းမှာအဓိက ကြကြောင်း ဆွေးနွေးကြပါသည်။

### (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များတွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်စာကြည့်တိုက်တစ်ခုလည်းလိုအပ်ပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရောပါဝင်လုပ်ဆောင်ကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပါဝင်မှုအားနည်းနေပါသည်။

### (ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

အဒါး(ရွာမ)ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ တစ်နှစ် ပတ်လုံးကုန်းလမ်းတစ်ခုထဲကိုသာ အသုံးပြုကြပါသည်။ အဒါး(ရွာမ)ကျေးရွာအနေဖြင့် ဟသ်ာတမြို့သို့ သွားရာတွင် ဆိုင်ကယ်များဖြင့် နွေရာသီ(မိုး)ပါသွားလာကြပါသည်။ ကျေးရွာတွင်မီးအလင်းရောင်အတွက် ဆိုလာမီးနှင့် ဘက်ထရီမီး တို့ကို အသုံးပြုကြပြီး၊ ကုန်ကျစရိတ်များကြောင့် ကြန့်ကြာလျှက်ရှိပါသည်။ ကျေးရွာတွင် MPT ဖုန်းလိုင်းများဖြင့် အများဆုံးဆက်သွယ်နိုင်ပါသည်။ Oredoo၊ MPT၊Telenor ၊ Mytel ဆက်သွယ်ရေးဖုန်းလိုင်း များကို ဆက်သွယ် အသုံးပြုနိုင်ပါသည်။

**(၅) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာ နေထိုင်တက်သော ဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှု ဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အခြားအမှုအခင်းဖြစ်ပွားခြင်း မရှိပါ။

**(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝ ရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ရနိုင်ခြင်း၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုး သီးနှံများအား ရောင်းချရန်ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့် ပိုင်ဆိုင်ခြင်း၊ စိုက်ပျိုးရေးသုံး ကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေအသင့်အတင့်ရှိခြင်း တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ခြင်း မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သော သွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ နည်းပညာနှင့် ဝန်ဆောင်မှုပံ့ပိုးကူညီမှု ရရှိနိုင်ခြင်း၊ ရေခံမြေခံကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အသင့် အတင့် ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သောသွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူထားသောထုတ်ကုန်များ ရောင်းချရောင်းချရန်ဈေးကွက်ရှိခြင်း၊ စိုက်ပျိုး ရေးသုံး ကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်း တို့ဖြစ်ပါသည်။

**(၃) ပညာရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာ အတွင်း မူလတန်းကျောင်းခွဲရှိခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့် (၁)မိုင်ခန့်အကွာအဝေးတွင် အထက်တန်းကျောင်းရှိခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာ၏ (၀.၁)ဖာလုံခန့်တွင် ကျေးရွာဆေးပေးခန်းရှိခြင်း။ ဟသ်ာတပြည်သူ့ဆေးရုံနှင့်(၇)မိုင်သာ ကွာဝေးခြင်း တို့ဖြစ်ပါသည်။

အဒါး(ရွာမ)ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၃၉၂)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၇၄.၈၁%)ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

အဒါး(ရွာမ)ကျေးရွာတွင် မိုးစပါး၊ နွေစပါးနှင့်မတ်ပဲတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် သီးနှံဈေးနှုန်းမကောင်းသောကြောင့်မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိသော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါး၊ မတ်ပဲနှင့် ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ဟသ်ာတမြို့နှင့် (၇)မိုင်အတွင်းသာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအားအနေဖြင့် ဈေးကွက်သို့ အချိန်မှီ တင်ပို့ရောင်းချနိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကိုထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေနှင့် လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သောရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

အဒါး(ရွာမ)ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းသား/သူများအတွက် သင့်တော်လုံလောက်မှုရှိသည့်အပြင် မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ၎င်းအပြင် အထက်တန်းကျောင်းမှာ ကျေးရွာနှင့်(၂)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာ ဖြင့် ပညာတက်လူငယ်လူရွယ်များ ထွက်ပေါ် လာနိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဆေးပေးခန်းနှင့် (၁.၁)ဖာလုံသာ ကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေးနာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် လူကြီးလူမများ၏ ဆုံးမမှုများကြောင့် မူခင်းများဖြစ်ပွားမှု မရှိခြင်းကလည်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

အဒါး(ရွာမ)ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

### (၁) စိုက်ပျိုးရေး

အဒါး(ရွာမ)ကျေးရွာတွင် စပါးခင်းများအချိန်မီရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းသုံးစွဲအသုံးပြုလိုသောလည်း လယ်ကွက်များ၏ အကျယ်အဝန်းမှာကျဉ်းမြောင်းခြင်း၊

ရိုးချောင်း များပေါ်များ၍ စက်ရွှေ့ရာတွင်အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့်မိမိတို့ ကျေးရွာနှင့်သင့်တော်ရာ ငွားရမ်းရန်ခက်ခဲနိုင်ပါသည်။

ခေတ်နှင့်လျော်ညီသော စိုက်ပျိုးရေးနည်းပညာများကို ရရှိမှုအားနည်းခြင်းနှင့်လိုအပ်သောသွင်း အားစုများကို အချိန်မှီတင်သွင်းနိုင်မှုမရှိနိုင်ခြင်းကြောင့်ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့်တောင်သူအားလုံး အကျိုးအမြတ်ဖြစ်ထွန်းစေရန် များစွာအချိန်ယူရအုံး မည်ဖြစ်သည်။

(၂) **မွေးမြူရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ လုံလောက်သော အရင်းအနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြှင့်နေခြင်း၊ ကုန်ထုတ်လမ်းမရှိသဖြင့် အရောင်းအဝယ်ဈေးနှုန်းနိမ့်ကျခြင်းနှင့် မွေးမြူထားသောထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ ဖြစ်ပါသည်။

(၃) **ပညာရေး**

ပညာရေးအတွက် အခက်အခဲမှာ မိမိတို့ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲမရှိသည့်အတွက် အုပ်စုအတွင်းရှိ စာသင်ကျောင်းတွင်ပညာသင်ကြားရခြင်း၊ စာသင်ကျောင်းသို့သွားရာ၌ လမ်းမှာမိုးရာသီတွင်လမ်းမကောင်းခြင်း၊ မူလတန်းကျောင်းထွက်နှုန်းမှာ အနည်းငယ်သာရှိပြီး အဆိုပါကျောင်းသားများ၏ အဆိုပါမိသားစုများမှာ ကျောင်းစရိတ်အား မတက်နိုင်ခြင်းတို့ဖြစ်ပါသည်။

(၄) **ကျန်းမာရေး**

အဒါး(ရွာမ)ကျေးရွာအနေဖြင့်ကျန်းမာရေးအတွက်အခက်အခဲများမှာကျေးရွာအုပ်စုတိုက်နယ်ဆေးရုံရှိသော်လည်း လုံလောက်သည့်ကျန်းမာရေးအထောက်အပံ့များ မရှိနိုင်ခြင်း၊ ကျေးရွာနှင့်တိုက်နယ်ဆေးရုံတွင် ကျန်မာရေးဆိုင်ရာ အထောက်အကူပြုဆေးဝါးနှင့် စမ်းသပ်ကိရိယာများ မပြည့်စုံခြင်း၊ ကျန်းမာရေးဝန်ထမ်းများ အနည်းသာရှိခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တက်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ အတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

အဒါး(ရွာမ)ကျေးရွာတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ မဟာစသည်တို့မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သောချေးငွေ စည်းမျဉ်း စည်းကမ်းများနှင့်ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက်အကျိုး အမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သောမိမိတို့၏အတွေ့အကြုံများကိုပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ အဒါး(ရွာမ) ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့်လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦး ချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၂ခု နှစ်မှ ၂၀၂၇ခုနှစ်) အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါအကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်ရန်အတွက် သက်ဆိုင်ရာဌာနသို့ တင်ပြထားခြင်း၊ မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင်စုဆောင်းထားခြင်းများကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၂) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကိုသက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၃) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်း လမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၄) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်း များအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

အဒါး(ရွာမ)ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ(ကာလတိုချေးငွေ)တစ်ခုတည်းကိုသာဦးစားပေးဆောင်ရွက်ပေးနေသောကြောင့်အခြားသီးနှံစိုက်ပျိုးသူတောင်သူများ အတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည်းဆည်းပေးခြင်း

အဒါး(ရွာမ)ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့် ဝေးလှသော်လည်း ယုန်သလင်းလမ်းမှတစ်ဆင့် ရာသီမရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး ယာဉ်များရှိခြင်း စသည့်အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာပေးသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန် လိုအပ်ပါ

သည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစားအရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံ သာမကဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅) နှစ်တာကာလ အတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်းစီမံကိန်း(၅)နှစ်တာ အတွင်းထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်

အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification) သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်

များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်းဆောင်ရွက်ခြင်း၊ | ၁၀၀ | ၁ | • မြေနေရာရရှိရေးဆွေးနွေးဆောင်ရွက်ခြင်း၊<br>• ရန်ပုံငွေရရှိခြင်းနှင့်လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန်အခက်အခဲမရှိခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊<br>• ကျောက်၊သဲ စသည်တို့ကို ဝယ်ယူရလွယ်ကူခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| **အခြေခံ အဆောက်အဦ** | ၂။ ကျေးရွာတွင်းခင်းရန်ကျန်ရှိနေသော လမ်းပိုင်းအားကွန်ကရစ်ဆက်လက်ခင်းရန် ။ | ၉၀ | ၂ | • ရန်ပုံငွေနှင့် အခြားအထောက်အပံ့များ ရရှိရန် သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊<br>• မဟာဓါတ်အားလိုင်းနှင့်(၀.၄)ဖာလုံသာကွာဝေးခြင်း ၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *အခြေခံအရင်းအနှီး* | | | | | |
| **အရင်းအနှီး** | ၃။ ကျေးလက်ဆေးပေးခန်းရရှိရေး ဆောင်ရွက်ရန်။ | ၈၅ | ၄ | • အသိပညာရှင်များ နည်းပေးလမ်းညွှန်ပေးသူများ၊ သက်ဆိုင်ရာဦးစီးဌာနနှင့် ချိဆက်နိုင်ခြင်း၊<br>• ရန်ပုံငွေတောင်းခံနိုင်သည့် သက်ဆိုင်ရာ ဦးစီးဌာနရှိခြင်း၊<br>• အခြားငွေစုငွေချေးအဖွဲ့အစည်းများရှိခြင် | သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ပညာရေးကဏ္ဍ* | | | | | |
| ***ပညာရေး*** | ၄။ ကျေးလက်တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရန်။ | ၇၅ | ၅ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊<br>• | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| အခြေခံအဆောက် အဦး | ၅။ကျေးလက်စာကြည့်တိုက်တည် ဆောက်ခြင်း။။ | ၆၀ | ၆ | • မြေနေရာရရှိရေးဆွေးနွေးဆောင်ရွက်ခြင် း၊<br>• ရန်ပုံငွေရရှိခြင်းနှင့်လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန်အခက်အခဲမရှိခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း နိုင်ခြင်း၊<br>• ကျောက်၊သဲ စသည်တို့ကို ဝယ်ယူရလွယ် ကူခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| လူ့စွမ်းအားအရင်း အမြစ် | ၆။အသက်မွေးဝမ်းကြောင်းအထောက်အ ကူပြုသင်တန်းများဖွင့်လှစ်ခြင်း၊ | ၅၀ | ၇ | • အသိပညာရှင်များ၊နည်းပေးလမ်းညွှန်သူများ နှင့်သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်နိုင်ခြ င်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *စိုက်ပျိုးရေးကဏ္ဍ* | | | | | |
| လူ့စွမ်းအားအရင်းအမြစ် | ၇။စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း | ၄၅ | ၆ | • အသိပညာရှင်များ၊နည်းပေးလမ်းညွှန်သူများနှင့်သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်နိုင်ခြင်း<br>• နည်းပညာကူညီပံ့ပိုးပေးနိုင်သောကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| **ကဏ္ဍ/ အကြောင်းအရာ** | **စီမံချက်** | **ရမှတ်ပေါင်း** | **အဆင့်** | **စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက်** | **မှတ်ချက်** |
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| အခြေခံအဆောက်အဦး | ၈။ကျေးရွာဓမ္မာရုံတည်ဆောက်ခြင်း။ | ၄၀ | ၅ | • အသိပညာရှင်များ၊နည်းပေးလမ်းညွှန်သူများနှင့်သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်နိုင်<br>• ခြင်း<br>• မြေနေရာရှိခြင်းကျေးရွာတွင်းပညာတက်လူဦးရေအသင့်အတင့်ရှိခြင်း၊ | |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်းကျန်ရှိသောကွန်ကရစ်လမ်းအားဆက်လက်ခင်းခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးလက်ဆေးပေးခန်းရရှိရေးဆောင်ရွက်ခြင်း | ၃ | | | ✔ | | |
| ၄။ | တံတားတည်ဆောက်ခြင်းလုပ်ငန်း | ၄ | | | | ✔ | |
